DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၃)

# ရင်းနှီးမြှုပ်နှံခြင်း


အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

## ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ရင်းနှီးမြှုပ်နှံခြင်း

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# အမှာစကား

**"ရင်းနှီးမြှုပ်နှံခြင်း"** ဟု အမည်ပေး၍ ဟောကြားအပ်သော ဤတရားစကားသည် ဗုဒ္ဓမြတ်စွာ၏ **"နိဓိကဏ္ဍသုတ်"** ကို ဆီလျော်သလို ဟောကြားအပ်သော တရားစကားဖြစ်သည်။ ဤတရားစကားကို နာယူပြီးသည့်အခါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် မူရင်း နိဓိကဏ္ဍသုတ်ပါဠိနှင့် ဆဋ္ဌသံဂါယနာမူ မြန်မာပြန်တို့ကို ဆက်လက်ဖတ်ရှု လေ့လာသင့်သည်။

သို့ဖြစ်၍ ဟောပြောချက်အပြင် မူရင်းပါဠိနှင့် မြန်မာပြန်တို့ကို ထည့်သွင်းဖော်ပြလိုက်သည်။ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်းသာ ဖတ်ရှုနာယူ မှတ်သားပြီး ကြိုးစားလိုက်နာနိုင်ကြပါစေ။

**အရှင်နန္ဒမာလာဘိဝံသ**
(၉-၂-၂၀၁၁)

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၂ - ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၀- ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ ကြာသပတေးနေ့၊ ရန်ကုန်မြို့၊ ဦးအောင်သိန်း+ ဒေါ်ခင်သန်းနွဲ့၊ သမီး-မစန္ဒီ၊ မငယ်၊ သား- ကိုရန်ပြေ၊ ကိုဟိန်းမင်းအောင် မိသားစု။ ဒေါ်ယဉ်ကြူနှင့် မောင်နှမများ။ ရန်ကုန်မြို့ ဦးစံသာ+ ဒေါ်မေဦးခင်၊ သမီး- စံသာရတနာ၊ သား-စံသာသုခ မိသားစု တို့က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြု တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်၏ သက်တော်(၇၀)ပြည့်နှစ် မွေးနေ့အမှတ်တရ ကုသိုလ်အဖြစ်ဖြင့် မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓ သာသနာပြုတက္ကသိုလ် ထေရဝါဒ ပသာရဏီ သိမ်တော်ကြီး အတွင်းဝယ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် သိက္ခာထပ် အလှူတော်မင်္ဂလာ အခမ်းအနားၥ် ဟောကြားအပ်သော **"ရင်းနှီးမြှုပ်နှံခြင်း"** တရားတော်။

# ရင်းနှီးမြှုပ်နှံခြင်း

ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာ ရင်းနှီးမြှုပ်နှံခြင်းတစ်မျိုး ဖြစ်ပါတယ်။ ဒီကနေ့ခေတ်မှာ စီးပွားဥစ္စာတိုးတက်ဖို့ ကမ္ဘာအနှံ့ ဆောင်ရွက်ကြနေတဲ့ ကိစ္စဟာ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ ရှေးခေတ်ကာလတုန်းက မြှုပ်နှံသိမ်းထားမှု ဆိုတဲ့အလုပ်ကို လုပ်ကြတယ်။ အဲဒီမြှုပ်နှံသိမ်းထားမှုဆိုတာ အိုးကြီးတွေထဲမှာ ရတနာပစ္စည်းတွေထည့်ပြီး ရေထွက်လုနီးပါးနက်တဲ့ တွင်းကြီးတွေတူးကာ ထိုတွင်းကြီးတွေထဲမှာ မြှုပ်နှံသိမ်းဆည်းပြီးထားကြတယ်။ အဲဒီအကြောင်းကို ဗုဒ္ဓမြတ်စွာက **နိဓိကဏ္ဍသုတ်** မှာ ဟောကြားထားတယ်။

လောကမှာ စီးပွားဥစ္စာရှိတဲ့ ပုဂ္ဂိုလ်တွေက ဆောင်ရွက်ဖွယ်ကိစ္စ ဖြစ်ပေါ်လာရင် အသုံးပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရွှေငွေ ရတနာ ပစ္စည်းတွေကို အိုးကြီး

တွေထဲမှာ ထည့်သွင်းပြီး ရေထွက်လုနီးပါးနက်တဲ့ တွင်းကြီးတွေတူးကာ မြှုပ်နှံထားကြတယ်။ ရှေးခေတ် စနစ်အရ လုံခြုံမှုရှိတယ်လို့ ယူဆကြတယ်။ ယနေ့ခေတ် မှာတော့ မြေကြီးထဲမှာမြှုပ်တယ်ဆိုတာ အလွန်ရှားသွား ပြီပေါ့။ မြန်မာနိုင်ငံမှာ တောရွာမှာနေကြတဲ့ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေဟာ တိတ်တဆိတ် မိမိတို့အိမ် အောက် တွင်းတူးပြီး ရတနာပစ္စည်းတွေကို မြှုပ်နှံထား တယ်ဆိုတဲ့ အစဉ်အလာဟာ တော်တော်လေးကြာ အောင် ရှိခဲ့တယ်။ ဒီကနေ့ခေတ်တော့ အဲဒီလို မြှုပ်နှံတဲ့ ပုဂ္ဂိုလ် နည်းပါးသွားပါပြီ။

ဘဏ်စနစ် ပေါ်လာတဲ့အခါ ဘဏ်မှာ အပ်နှံထား ကြတယ်ပေါ့။ ကုမ္ပဏီထူထောင်တဲ့ ပုဂ္ဂိုလ်တွေ ကုမ္ပဏီ မှာ အရင်းအနှီး ရှယ်ယာတွေထည့်ပြီး မိမိတို့ ပစ္စည်း ဥစ္စာတွေ တိုးပွားအောင် ဆောင်ရွက်ကြတယ်။ ဒီကနေ့ ခေတ်မှာ ရင်းနှီးမြှုပ်နှံမှု investment ဆိုပြီး နည်းစနစ် တစ်မျိုး ပေါ်လာတယ်။ ရှေးတုန်းက အသုံးလိုလာတဲ့ အခါမှာ အသုံးချဖို့ ပစ္စည်းဥစ္စာတွေကို မြှုပ်ကြတာ။

အဲဒီမှာ အသုံးကိစ္စဆိုတာ ဘယ်လိုဟာတွေလည်း ဆိုတာ မြတ်စွာဘုရားက ဆက်ရှင်းပြတယ်။

ရှေးစနစ်နဲ့ ရှေးခေတ်ကာလတုန်းက အကြောင်းကိစ္စ ပေါ်လာရင် အသုံးပြုဖို့ ဒီလို မြှုပ်နှံထားခြင်းရဲ့ ရည်ရွယ်ချက် အချို့က ဘာလဲလို့ဆိုရင် "**ရာဇတော ဝါ ဒုရုတ္တဿ**" မင်းစိုးရာဇာတွေနဲ့ ပတ်သက်လာပြီး ရာဇဝတ်ပြစ်ဒဏ်တွေသင့်တဲ့အခါမှာ မိမိတို့ရဲ့ငွေကြေး ဓနကို အသုံးပြုပြီး လွတ်မြောက်အောင် ကြိုးစားဖို့ဆိုတဲ့ ရည်ရွယ်ချက်က တစ်ခု။

"**စောရတော ပီဠိတဿ ဝါ**" သူခိုးဓားပြတွေက အနိုင်အထက် နှိပ်စက်လုယူသွားလို့ မိမိရှိတဲ့ပစ္စည်းတွေ ကုန်သွားလို့ရှိရင်လည်း မြှုပ်နှံထားတဲ့ပစ္စည်းကို အစားထိုး အသုံးပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်။

"**ဣဏဿ ဝါ ပမောက္ခာယ**" နောက်တစ်ခုက မထင်မှတ်ဘဲ လုပ်ငန်းတစ်ခုဟာ မအောင်မြင်လို့ ကြွေးတွေတင်လာမယ် ဆိုရင်လည်း အဲဒီကြွေးတွေ

ပေးနိုင်အောင်ဆိုပြီး ရင်းနှီးမြှုပ်နှံထားကြတယ်၊ ဒါက တစ်ခု။

နောက်တစ်ခုက **"ဒုဗ္ဘိက္ခ"** တဲ့။ တစ်ခါတစ်ရံ လူ့လောကဆိုတာ မိုးခေါင်ရေရှားဖြစ်ပြီး အစာရေစာ ခေါင်းပါးတဲ့၊ လုပ်ငန်းကိုင်ငန်းမကောင်းတဲ့ စီးပွားရေးပျက်ကပ်ကြီးဆိုတာ ဖြစ်ပေါ်လာတတ်တယ်။ **ဒုဗ္ဘိက္ခ** လို့ဆိုတဲ့ မိုးခေါင်ရေရှား အစားအစာ ရှားလာတဲ့ အခါမျိုးမှာ အသုံးပြုဖို့ ရင်းနှီးမြှုပ်နှံကြတယ်။

**"အာပဒါသု"** အခြားဘေးရန်မျိုးတွေ ကြုံလာတဲ့ အခါ ဒီပစ္စည်းတွေကိုအသုံးပြုပြီး မိမိရဲ့ ချမ်းသာမှုကို ဆောင်ရွက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပစ္စည်းဥစ္စာကို သိမ်းထား မြှုပ်နှံထားလေ့ရှိကြတယ်။

ဒါ အလွန်ကောင်းတဲ့ စနစ်တစ်ခုပဲ။ ရှိသမျှ ပစ္စည်းကို အသုံးပြုတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခရောက်လို့ရှိရင် ရုန်းထွက်ဖို့ အင်မတန်မှခဲယဉ်းတယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက စီးပွားရေးနဲ့ ပတ်သက်ပြီး ဟောထားတယ်။ "မိမိရှိတဲ့ ပစ္စည်းကို လေးပုံပုံသင့်တယ်။ တစ်ပုံက

emergency အတွက် သိမ်းထားသင့်တယ်။ ကျန်တဲ့ တစ်ပုံကိုစားပြီး ကျန်တဲ့နှစ်ပုံကိုတော့ အတိုးအပွား ရအောင် အရောင်းအဝယ် ကိစ္စတွေမှာ ဆောင်ရွက် သင့်တယ်" လို့ ဩဝါဒ ပေးထားတယ်။ ဒါက လောကမှာ လူတွေ ဒုက္ခမရောက်အောင် စီးပွားရေး စီမံချက်တစ်မျိုး ပဲပေါ့။ အဲဒီစနစ်အတိုင်း လိုက်နာကျင့်သုံးမယ်ဆိုရင် ဒီကနေ့ခေတ် စီးပွားရေးကပ်ဆိုက်တာမျိုး ကြုံလာရင် တောင် အထောက်အကူတွေ အများကြီး ဖြစ်နိုင်တယ် ပေါ့။ ကိုယ့်မှာ emergency အတွက် ငွေကြေးတွေ ရှိနေသည့်အတွက်ကြောင့် ဆင်းဆင်းရဲရဲ မဖြစ်နိုင်ဘူး။ အဲဒီလို ရည်ရွယ်ချက်နဲ့ ရှေးတုန်းကတော့ ရတနာတွေ ကို မြှုပ်နှံသိမ်းဆည်းလေ့ရှိတယ်တဲ့။

## မသေချာတဲ့ မြှုပ်နှံမှု

အဲဒီလို မြှုပ်နှံထားမှုတွေဟာ တကယ်ရော ကိုယ့်ရဲ့ ရည်ရွယ်ချက်အတိုင်း အောင်မြင်ပါရဲ့လားလို့ မေးစရာ ရှိတယ်။ ရေထွက်လုနီးပါးနက်တဲ့ တွင်းကြီးတွေထဲမှာ

ဒီလိုမြှုပ်ထားပေမယ့်လို့ မြှုပ်နှံမှုအားလုံးဟာ အမြဲတမ်း ရည်ရွယ်ချက်အတိုင်း မဖြစ်ကြဘူး။ ဘာကြောင့် မဖြစ် လာတာတုန်းဆိုရင် မြှုပ်နှံထားတဲ့ ပစ္စည်းဥစ္စာ ရတနာ ရွှေအိုးကြီးကလည်း နေရာပြောင်းသွားတတ်တယ်။ ရွေ့သွားတတ်တယ်။ မြေထဲမြှုပ်ထားတဲ့ဟာ တစ်ခါ တစ်ခါ ရွေ့သွားတယ်။ မြေရဲ့ရွေ့လျားနေမှုကို လူတွေ က သတိမထားမိဘူး။ အဲဒီတော့ မြှုပ်တုန်းက ဒီနေရာ နောက်ထပ် တူးဖော်တဲ့အခါမှာ တစ်နေရာရောက်နေ တတ်တယ်။ ဥပမာ- ငါးပေ၊ ဆယ်ပေကွာ ရွေ့နေတာမျိုး ရှိတတ်တယ်။ မြေကြီးထဲမှာလည်း လျှောင်ကြောဆိုတာ လည်း ရှိသေးတယ်။ အခု စစ်ကိုင်းမှာပြောနေကြတယ်။ မင်းဝံတောင်နဲ့ စစ်ကိုင်းတောင်ကြားမှာ တစ်နှစ်တစ်နှစ် ဆိုလို့ရှိရင် တစ်လက်မနီးပါးခန့် မြေကြောက ရွေ့နေ တယ်လို့ ဒီလိုပြောကြတယ်။ အဲဒီလို ရွေ့နေတာလေး တွေ ရှိတတ်တယ်ပေါ့။ အဲဒီတော့ ရင်းနှီးမြှုပ်နှံထားတဲ့ ပစ္စည်းဥစ္စာတွေလည်း ဒီလို ရွေ့သွားတတ်တယ်။

နောက်တစ်ခုက မြှုပ်နှံတုန်းက အမှတ်အသား လုပ်ထားတာတွေကလည်း တစ်ခါတစ်ရံ မေ့လျော့ပြီး မှားမှားယွင်းယွင်း ဖြစ်တတ်တယ်။ မသေချာတော့ဘူး၊ ဒီနားလိုလို ဟိုနားလိုလို အမှတ်သညာတွေကလည်း တွေဝေသွားတတ်တယ်။

နောက်တစ်ခုက လူတွေ မမြင်ရတဲ့ မြေကြီး တွင်းနက်တွေထဲမှာနေတဲ့ နဂါးတွေဆိုတာရှိတယ်။ အဲဒီ နဂါးတွေကလည်း ရတနာ ပစ္စည်းတွေကိုရွှေ့ပြီး ယူသွား တတ်တယ်။ တန်ခိုးကြီးတဲ့ နတ်တွေ၊ ဘီလူးတွေ ကလည်း အဲဒီ ရတနာ ပစ္စည်းတွေကိုရွှေ့ပြီး ယူသွား တတ်သေးတယ်။ အဲဒါကြောင့်မို့ မြေကြီးထဲ မြှုပ်ထား တာ မသေချာဘူးလို့ပြောတာ။

ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ မြှုပ်နှံ သိမ်းဆည်းထားတဲ့ နေရာကိုသိနေတဲ့ ကိုယ့်ရဲ့သားတွေ၊ သမီးတွေက တိတ်တဆိတ် ဒီပစ္စည်းတွေကို ထုတ်ယူပြီး သုံးပစ်တတ်သေးတယ်။ လူယုံဆိုပေမယ့် မယုံရတာ

လည်း ရှိသေးတယ်ပေါ့။ အဲဒီလိုနည်းနဲ့ မြှုပ်နှံထားမှုတွေဟာ လွဲချော်သွားတတ်သေးတယ်။

နောက်ဆုံး လွဲချော်စရာအကြောင်းတစ်ခုကတော့ ကုသိုလ်ကံ ကုန်သွားပြီဆိုရင် အကုန်လုံး ပျောက်သွားတာပဲ။ မရဘူး။ မြေကြီးထဲထားတဲ့ ပစ္စည်းတွေ တစ်မျိုးမျိုးနဲ့ ပျောက်သွားရော။ ကုသိုလ်ကံ မရှိတော့ဘူးဆိုရင် အကုန်လုံး ပျောက်ပျက်သွားနိုင်တယ်။ ဒါကြောင့်မို့ အဲဒီလို မြှုပ်ထားတာတွေဟာ စိတ်ချရမှု မရှိဘူးတဲ့။

ဒီကနေ့ ခေတ်စနစ်အရ ရင်းနှီးမြှုပ်နှံမှု investment တွေလည်း စိတ်မချရတာတွေရှိတယ်ဆိုတာ အားလုံးသိနေကြတာပဲ။ ဘဏ်ထားလို့ ရှိရင်လည်း bankrupt ဖြစ်သွားတာတို့၊ ရှယ်ယာ ဝင်ထားလို့ရှိရင်လည်း ကုမ္ပဏီပျက်သွားတာတို့ ရှိတာပဲ။ ဒီလို ရင်းနှီးမြှုပ်နှံမှုတွေဟာ ဘယ်နေရာမှ စိတ်ချရတာ မရှိဘူးလို့ မြတ်စွာဘုရားက ရှေးခေတ်စနစ်ကို ထောက်ပြပြီး **နိဓိကဏ္ဍသုတ်** မှာ ဟောထားတာရှိတယ်။

## သချောတဲ့ ရင်းနှီးမြှုပ်နှံမှု

အဲဒီတော့ သချောတဲ့ ရင်းနှီးမြှုပ်နှံမှုက ဘာလဲလို့ ဆိုတာကို မြတ်စွာဘုရားက ယခုလို ရှင်းပြတယ်။ "လိမ္မာပါးနပ်တဲ့သူ အမျိုးသားပဲဖြစ်ဖြစ်၊ အမျိုးသမီးပဲ ဖြစ်ဖြစ် တကယ် စိတ်ချရတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ချင်ပြီ ဆိုရင် ထိုပစ္စည်းဥစ္စာကို အသုံးပြုပြီး ဒါနကောင်းမှု လုပ်တယ်" ဒါ ရင်းနှီးမြှုပ်နှံမှု တစ်ခုပဲ။

ဒါနကောင်းမှု လုပ်တာက ခုနကပြောတဲ့ အခက်အခဲတွေ၊ ပျက်ဆီးဆုံးရှုံးမှုတွေနဲ့ တစ်ခုမှမကြုံရဘူး။ ကိုယ် ဒါနလုပ်ထားတာသိလို့ ဒါနကို ခိုးယူလို့မရဘူး၊ နေရာရွှေ့သွားအောင် လုပ်လို့မရဘူး၊ နဂါးတွေ ဘီလူးတွေက ရွှေ့ယူသွားလို့ မရဘူး၊ ကုသိုလ်ကံကုန်ခြင်း ဆိုတာလည်း မဖြစ်နိုင်ဘူး။ ဒါကြောင့်မို့ ရင်းနှီးမြှုပ်နှံမှုထဲမှာ ဒါနကောင်းမှုပြုပြီး ရင်းနှီးမြှုပ်နှံမှုဟာ အလွန် သချောတယ်လို့ မြတ်စွာဘုရားကဟောတာ။

နောက်တစ်ခု ရင်းနှီးမြှုပ်နှံတာက ပစ္စည်းဥစ္စာကို ရင်းနှီးမြှုပ်နှံတာ မဟုတ်ဘူး။ အေး၊ တို့တော့ ဒါန

ကောင်းမှု များများကြီး မပြုနိုင်ဘူး၊ အဲဒီတော့ တစ်ခြားနည်းနဲ့မြှပ်နှံရမယ်၊ ဘယ်လိုမြှပ်နှံရမလဲဆိုရင် ကိုယ်ကျင့်တရားနဲ့လည်း ရင်းနှီးမြှပ်နှံလို့ရတယ်တဲ့။ အနည်းဆုံး ငါးပါးသီလ မကျိုး မပေါက် မပျောက် မကြားရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ဆိုတဲ့ ကိုယ်ကျင့်တရား။ သီတင်းနေ့များမှာ (၈)ပါးသီလ (၉)ပါးသီလ ခံယူဆောက်တည်ခြင်းဆိုတဲ့ သီလ အကျင့်တရား။ အဲဒီ ကိုယ်ကျင့်တရား ထိန်းသိမ်း စောင့်ရှောက်မှုဟာလည်း စိတ်ချရတဲ့ ရင်းနှီးမြှပ်နှံမှုတစ်ခုပဲတဲ့။

နောက်တစ်ခုကတော့ ကိုယ့်ရဲ့ စိတ်ကလေးကို သမာဓိ စွမ်းအားနဲ့ ထိန်းပေးတာ၊ စိတ်ကလေး လွင့်ပါးမှု မရှိအောင် ကောင်းတဲ့အာရုံတစ်ခုပေါ်မှာ စိတ်လေး ငြိမ်အောင် သမာဓိတရား ကြိုးစားအားထုတ်တယ်။ ဆိုလိုတာက သမထကျင့်စဉ်တစ်ခုကို ကျင့်ပြီးတော့လည်း ရင်းနှီးမြှပ်နှံမှု လုပ်လို့ရတယ်။ ဒါလည်း ရင်းနှီးမြှပ်နှံမှု တစ်ခုပဲ။

နောက်တစ်ခုက ပညာအဆင့်ဆင့် ရင်းနှီးမြှုပ်နှံမှု၊ မိမိတို့မှာ လောကီပညာပဲဖြစ်ဖြစ်၊ လောကုတ္တရာ ပညာပဲဖြစ်ဖြစ် နောက်ဆုံး အဆင့်မြင့်တဲ့ ဝိပဿနာပညာစတဲ့ ပညာရပ်တွေကို မိမိတို့သန္တာန်မှာ ရအောင် ကြိုးစားအားထုတ်ခြင်းဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုဆိုတာ ဖြစ်တယ်တဲ့။ ဒါက သေချာတဲ့ ပစ္စည်းဥစ္စာ ရင်းနှီးမြှုပ်နှံမှု တစ်ခုပဲ။ ခုနကလို ပျက်စီးတာတွေ မရှိနိုင်ဘူးတဲ့။

## ဒါနဖြင့် မြှုပ်နှံရမည့် ဌာန

ကဲ-ကောင်းပြီ၊ ဒါနဆိုတဲ့ မြှုပ်နှံမှုလုပ်ချင်လို့ရှိရင် ဘယ်နေရာမှာမြှုပ်မလဲ။ ခုနတုန်းက ရတနာ ရွှေအိုးကြီးတွေ မြှုပ်တဲ့အခါ၊ ပစ္စည်းဥစ္စာတွေကို မြှုပ်ပြီး သိမ်းတဲ့အခါ ရေထွက်လုနီးပါးဖြစ်တဲ့ တွင်းနက်ကြီးတွေတူးပြီး အဲဒီတွင်းထဲမှာ တော်တော်နဲ့ ဖော်ထုတ်လို့မရအောင် ထည့်ပြီးတော့ထားတဲ့နည်းနဲ့ မြှုပ်နှံတယ်။ အခု ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုကိုတော့ ဘယ်မှာ မြှုပ်မလဲဆိုတော့ မြှုပ်နှံတဲ့နေရာကို မြတ်စွာဘုရားကဟောတယ်။

ဒါနဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုကို လုပ်မယ်ဆိုရင် ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော် မွေတော်တွေကို ထည့်သွင်းပြီးတော့ ပူဇော်ထားတဲ့ စေတီ ပုထိုးတွေမှာ မြှုပ်နှံလို့ရတယ်။ နောက်တစ်ခုက သံဃာတွေမှာ မြှုပ်နှံလို့ရတယ်။ သံဃာ့ဂုဏ်ကို အာရုံပြု၍၊ သံဃာတွေကို လှူဒါန်းခြင်းဖြင့် ဒါနကုသိုလ် ရင်းနှီးမြှုပ်နှံလို့ရတယ်။ နောက်တစ်ခုက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပဲ ဖြစ်စေ လှူဒါန်းပြီး ရင်းနှီးမြှုပ်နှံလို့ရတယ်။ နောက် ရင်းနှီးမြှုပ်နှံမှုက ကိုယ့်အိမ်ရောက်လာတဲ့ ဧည့်သည် (သို့) ဖိတ်ထားလို့ ရောက်လာတဲ့ဧည့်သည်တွေကို ကျွေးမွေး ဧည့်ခံတာလည်း ရင်းနှီးမြှုပ်နှံမှု တစ်ခုပဲတဲ့။

နောက်တစ်ခုက မိဘနှစ်ပါးထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်တွေဟာ မိဘကို ပြုစုလုပ်ကျွေးတာဟာလည်း ရင်းနှီးမြှုပ်နှံနေတာ တစ်ခုပဲတဲ့။ မိသားစုထဲမှာ "အစ်ကိုကြီး အဖအရာ၊ အစ်မကြီး အမိအရာ" ဆိုတဲ့အတိုင်း မိမိရဲ့ မိသားစုထဲမှာ မိဘနှစ်ပါးမရှိတော့ဘူးဆိုရင် အစ်ကိုကြီး၊ အစ်မကြီးတွေမှာလည်း ရင်းနှီးမြှုပ်နှံပေးလို့ ရတယ်လို့

ဒီလိုဆိုလိုတယ်။ အဲဒီမှာ ဒါနကောင်းမှုပြုပြီးတော့ ရင်းနှီးမြှုပ်နှံလိုက်တာဟာ သေချာတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးတစ်ခု ဖြစ်တယ်လို့ မြတ်စွာဘုရားကဟောတယ်။

## ဘဝသံသရာ အတွက်ပါ

အဲဒီလို ရင်းနှီးမြှုပ်နှံမှုဟာ အလွန်သေချာတဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်တယ်တဲ့။ အဲဒါကို မြတ်စွာဘုရားက ဆက်ပြီးတော့ ဟောတယ်။

**ဒါန သီလ သံယမ ဒမ** လို့ဆိုတဲ့ ကုသိုလ်ကောင်းမှု လုပ်ပြီးတော့ စေတီစတဲ့ ဌာနတွေမှာ ရင်းနှီးမြှုပ်နှံထားပြီ ဆိုလို့ရှိရင် အဲဒီ ကုသိုလ်ကောင်းမှုတည်းဟူသော ရင်းနှီးမြှုပ်နှံထားတဲ့ ဥစ္စာဟာ ဘယ်သူကမှ အနိုင်ကျင့်ပြီးတော့ မယူနိုင်ဘူးတဲ့။ အနိုင်ကျင့်ပြီး မယူနိုင်ရုံမျှမက ထိုပစ္စည်းဥစ္စာဟာ မိမိဘဝ သံသရာ သွားလေရာ နောက်ကပါလာမယ့် ပစ္စည်းဥစ္စာမျိုး ဖြစ်တယ်တဲ့။ **အနုဂါမိက** လို့ခေါ်တယ်။

ခုနက ရွှေတွေ၊ ငွေတွေ၊ ရတနာတွေ ဆိုတာက ကိုယ့်နောက်မပါဘူးလေ။ ဒီဘဝမှာတင် ကိုယ့်နောက် ပါလာတာ မဟုတ်ဘူး။ ဝတ်သွားတာလေးတော့ ပါတာ ပေါ့။ ဒါပေမယ့် လုယူတဲ့သူနဲ့တွေ့ရင် ပါသွားပြန်ရော။ **အနုဂါမိက** လို့ဆိုတဲ့ ကုသိုလ်ကျတော့ အဲဒီလို မဟုတ်ဘူး။ ဒီဘဝမှာလည်း ကိုယ်နဲ့ ထပ်ချပ်မကွာရှိတယ်။ တမလွန်ဘဝ ရောက်သွားတဲ့အခါမှာလည်း သံသရာ ခရီးမှာ ကိုယ်နဲ့ ထပ်ချပ်မကွာရှိနေမယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက **အနုဂါမိက** လို့ခေါ်တယ်။ **အနုဂါမိက** ဆိုတာ မျက်ခြေမပြတ် အစဉ်လိုက်ပါနေတဲ့ ပစ္စည်းဥစ္စာ လို့ ဆိုလိုတယ်။

မြတ်စွာဘုရားက ဟောထားတယ်။ ဘယ်လောက် အားကိုးထိုက်တုန်းဆိုတော့-

အခုလို ဒါနသီလ ကုသိုလ်ကောင်းမှု လုပ်ပြီးတော့ ရင်းနှီးမြှုပ်နှံလိုက်တဲ့ကုသိုလ်ဟာ ထားသွားရမယ့် ပစ္စည်း တွေထဲမှာ ယူသွားလို့ရတဲ့ ပစ္စည်းမျိုးပါတဲ့။ ကျန်တာ

တွေကတော့ ထားသွားရမယ်ဆိုတာ အားလုံးအသိပဲ။ ဘယ်သူမှ ယူမသွားနိုင်ဘူး။

ဒါတင်မကသေးဘူး၊ အဲဒီ ပစ္စည်းဥစ္စာဟာ တစ်ခြားပုဂ္ဂိုလ်တွေနဲ့ အမွေဆိုင်မဟုတ်ဘူးတဲ့။ တစ်ခြားပစ္စည်းကျတော့ အမွေဆိုင်တယ်လေ။ မိဘအမွေဆိုပြီးတော့ အမွေလုကြတာတွေတို့ အမွေပြဿနာတို့ အများကြီး ရှိတယ်။ ကုသိုလ်ကောင်းမှုကျတော့ ကိုယ်လုပ်တဲ့သူပဲ ပိုင်တယ်၊ ကျန်တဲ့သူက အမွေခံလို့ မရဘူး။ ဒါကြောင့်မို့ ဘယ်သူနဲ့မှ မဆက်ဆံဘူး၊ ဘယ်သူနဲ့မှ မပတ်သက်ဘူး။ လုပ်သူ တစ်ယောက်တည်းနဲ့သာ ဆိုင်တယ်။ အမွေခံရမှာ ကိုယ်တစ်ယောက်တည်းပဲ။ ကိုယ်လုပ်ရင် ကိုယ်တစ်ယောက်တည်းပဲ အမွေခံရမယ်။ ကုသိုလ်ကောင်းမှုဆိုတာ ကိုယ်ပိုင်တဲ့ တကယ့်အမွေပဲ။ ကျန်တဲ့အမွေက ကိုယ်တစ်ယောက်တည်း မပိုင်ဘူးတဲ့။

မြှုပ်နှံထားတဲ့ ရွှေအိုးတွေ၊ ရတနာအိုးတွေ ဆိုတာတွေက တိတ်တဆိတ် ဖော်ထုတ်ပြီးတော့ ယူသွားလို့ ရတယ်။ ဒါကျတော့ အဲဒီလိုဖော်ထုတ်လို့မရတဲ့ ဥစ္စာမျိုး

ဖြစ်တယ်။ ဒါကြောင့်မို့ စဉ်းစားဉာဏ်ရှိတဲ့ပုဂ္ဂိုလ်များဟာ မိမိနဲ့ ထပ်ချပ်မကွာလိုက်ပါပြီးတော့ လုံခြုံ စိတ်ချရဆုံး ဖြစ်တဲ့ ကုသိုလ်ကောင်းမှုတည်းဟူသော ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်ကြတယ်။ အဲဒီ စိတ်ချသေချာတဲ့ ကုသိုလ်ကောင်းမှုကိုသာလျှင် ပညာရှိများဟာ ပြုလုပ်လေ့ရှိတယ်။

## လိုချင်တာ ပေးနိုင်

အဲဒီမှာ မြတ်စွာဘုရားက ကိုယ့်နောက်က အမြဲတမ်း လိုက်ပါနေတဲ့ကုသိုလ် လို့ဆိုတော့ နောက်က လိုက်ပါနေပေမယ့်လို့ အသုံးဝင်မှ ကောင်းတယ်လေ။ အသုံးမဝင်ရင် မကောင်းဘူး။ ဒါကြောင့်မို့ အဲဒီ ရင်းနှီးမြှုပ်နှံမှုကရတဲ့ ကုသိုလ်ကောင်းမှုဟာ ကိုယ့်နောက်က လိုက်ပါနေရုံတင် မကဘူး၊ ဒီကုသိုလ်ကောင်းမှုဆိုတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးဟာ လူ့ဘဝပဲ ရောက်ရောက်၊ နတ်ဘဝပဲ ရောက်ရောက် မိမိနှင့်အတူပါလာပြီး လိုချင်တာ အားလုံးကို ပေးနိုင်တယ်တဲ့။

ကိုယ်နဲ့အတူပါလာတဲ့ စိန်ရွှေ ရတနာ၊ ငွေကြေးစနေ ဟာ လိုချင်တာအကုန်လုံး မပေးနိုင်ဘူး။ လူ့လောကမှာ ပိုက်ဆံပေးပြီး ဝယ်လို့ရတာ အကုန်လုံး မဟုတ်ဘူး၊ တစ်ချို့တစ်လေသာ ရတယ်ပေါ့။ ဥပမာ စိတ်ချမ်းသာမှု ဆိုတာ ပိုက်ဆံပေးပြီး ဝယ်လို့မရဘူး။ ကျန်းမာမှုဆိုတာ လဲ ပိုက်ဆံပေးပြီး ဝယ်လို့မရဘူး။ ပိုက်ဆံပေးပြီး ဝယ်လို့ မရတာ အများကြီးရှိတယ်။ ဒါကြောင့်မို့ အားလုံးကို ပေးတယ်လို့ ပြောလို့မရဘူး။ ပကတိ ငွေကြေးစနေဟာ အကုန်လုံးကို ပေးနိုင်တယ်လို့ ပြောလို့မရဘူး။

ကုသိုလ်ကောင်းမှုကျတော့ အကုန်လုံးကို ပေးနိုင် တယ်၊ အကြွင်းအကျန်မရှိဘူး။ အပြည့်အဝကို လိုချင် တာ ပေးနိုင်တယ်။ ဒါကြောင့်မို့ မြတ်စွာဘုရားက စကား ကုန်အောင် "ဘာတောင့်တ တောင့်တ အဲဒီကုသိုလ်နဲ့ ရနိုင်တယ်"လို့ ဒီလိုဟောတာ။

အဲဒီမှာ လိုချင်တာအကုန်ဆိုတော့ ဘာတွေများပါ လိမ့်ဆိုရင် လောကလူတွေ လိုချင်တာတွေကို မြတ်စွာ ဘုရားက ထုတ်ပြထားတာ။

လူတွေက လှချင်တယ်။ အေး၊ လှချင်လို့ ရှိရင်လည်း လှပတဲ့ အဆင်းကိုရတယ်။ အသံ ကောင်းချင်တယ်ဆိုရင် အသံ ကောင်းတာရတယ်။ ရုပ်ခန္ဓာကြီးပြီး ချောမောလှပချင်တယ်ဆိုရင် ပုံပန်းသဏ္ဌာန် လှပအောင်လည်း ကုသိုလ်က ပေးတယ်။ အသွင်သဏ္ဌာန် လှပအောင်လည်း ကုသိုလ်က ပေးတယ်။ အခြံအရံများပြီး အကြီးအကဲ ဖြစ်ချင်တယ် ဆိုရင်လည်း ဟောဒီကုသိုလ်က လုပ်ပေးတယ်တဲ့။ ဒါကြောင့်မို့ အားလုံးကို ပေးတယ်လို့ပြောတာ။

တိုင်းပြည်တစ်ပြည်၊ ဒေသတစ်ခုကို လွှမ်းမိုးအုပ်စိုးရတဲ့ စကြာဝတေးမင်း၊ ပဒေသရာဇ်မင်း စည်းစိမ်ဥစ္စာမျိုးကိုလည်း အဲဒီကုသိုလ်က ရစေနိုင်တယ်။ စကြဝဠာတစ်ခုကို လွှမ်းမိုးအုပ်စိုးနိုင်တဲ့ စကြာဝတေးမင်းရဲ့ချမ်းသာသုခကိုလည်း ပေးနိုင်တယ်။ ဒါ လူ့စည်းစိမ်နဲ့ပတ်သက်လာလို့ရှိရင် စကြာမင်းရဲ့ စည်းစိမ်ဟာ အကြီးမားဆုံးပဲပေါ့။ ဒီ့ထက်ကြည့်လိုက်ရင် နတ်ပြည်မှာ

နတ်ဘုရင်တစ်ပါးရဲ့ စည်းစိမ်ကိုလည်း ဒီကုသိုလ်ကောင်းမှုက ပေးနိုင်တာ။

နောက်ဆုံး မြတ်စွာဘုရားက ခြုံပြီးဟောလိုက်တာက "လူ့ဘဝ၊ လူ့စည်းစိမ်တွေမှန်သမျှ အကုန်ပေးနိုင်ပါတယ်။ နတ်ပြည်မှာရှိတဲ့ မွေ့လျော်ပျော်ပိုက်စရာ စည်းစိမ်ဥစ္စာတွေလည်း အကုန်ပေးနိုင်တယ်။ အေး- လူ့စည်းစိမ်၊ နတ်စည်းစိမ်တင် မကဘူးတဲ့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာ ဆိုတာကိုလည်း ဟောဒီ ကုသိုလ်က ပေးနိုင်ပါတယ်"

နိဗ္ဗာန်ချမ်းသာရဖို့ ဒီကုသိုလ်ကပေးတယ်ဆိုတာ အခွင့်အလမ်းတစ်ခုကို ရှာပေးလိုက်တာ။ နိဗ္ဗာန်ချမ်းသာကိုပေးတယ် ဆိုတဲ့နေရာမှာ ဒါနကောင်းမှု၊ သီလကောင်းမှုကို အကြောင်းပြုပြီးတော့ သူတော်ကောင်းနှင့် ပေါင်းဆုံမိခြင်းဆိုတဲ့ မိတ်ကောင်းဆွေကောင်း တွေ့တယ်။ ဆိုပါစို့- ရှင်သာရိပုတ္တရာ မထေရ်မြတ်ဟာ ဥပတိဿပုရိဗ်ဇ် ဘဝတုန်းက ရှင်အဿဇိတို့လို မိတ်ကောင်းဆွေကောင်းနဲ့ မတွေ့ဘူး

ဆိုလို့ရှိရင် သောတာပန်ဖြစ်ဖို့ မရှိဘူးပေါ့။ မိတ်ကောင်း ဆွေကောင်းနဲ့တွေ့အောင် ရှေးကုသိုလ်က ဖန်တီးပေး လိုက်လို့ ရှင်အဿဇိနဲ့ သွားဆုံရတာ။ အဲဒီလို ဆုံလိုက် တဲ့အခါမှာ တရားဓမ္မကို ရှင်းပြလိုက်တာ လေးပါဒရှိတဲ့ ဂါထာလေးကို နာလိုက်ရတာနဲ့ တရားသိသွားတာ၊ အဲဒီ အခြေအနေကိုပြောတာ။

ဒါနကုသိုလ်၊ သီလကုသိုလ်ကနေပြီးတော့ မိတ်ကောင်း ဆွေကောင်းတွေနဲ့တွေ့အောင် ဖန်တီးပေး တယ်။ မိမိကိုယ်တိုင်ကလည်း မှန်မှန်ကန်ကန် စဉ်းစား ပြီး နှလုံးသွင်းထားနိုင်တယ်။ ယောနိသောမနသိကာရ ရှိတယ်။ ကြိုးစားအားထုတ်မှုရှိတယ်ဆိုတော့ ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ်ရတယ်။ ဝိမုတ္တိဆိုတဲ့ ဖိုလ်ကို ရလာတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေကို ရလာတယ်။ အဲဒါတွေ ရခြင်းဖြင့် နိဗ္ဗာန်ချမ်းသာကိုရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ **"ဝိဇ္ဇာဝိမုတ္တိ"** ဆိုတဲ့ အမြင့်ဆုံးဖြစ်တဲ့ အဆင့်ထိအောင် ကုသိုလ် ရင်းနှီးမြှုပ်နှံမှုက ရစေနိုင် တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောတာ။

ဒီ့ထက် အဆင့်မြင့်တာတွေရှိသေးတယ်။ ရဟန္တာဖြစ်တာတောင်မှပဲ ရဟန္တာခြင်း မတူသေးဘူး။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကတော့ တူတယ်။ စာမေးပွဲအောင်တာလိုပေါ့။ တချို့က ဂုဏ်ထူးနဲ့အောင်တယ်။ တချို့က ရိုးရိုးအောင်တယ်ပေါ့။ အေး၊ ဂုဏ်ထူးတွေလိုချင်တယ် ဆိုလို့ရှိရင် ဟောဒီ ကုသိုလ်က ပေးသေးတယ်။

ပဋိသမ္ဘိဒါဉာဏ်ကြီးကိုလည်း ရချင်လို့ရှိရင် အခုပြောတဲ့ ကုသိုလ်ကောင်းမှုတွေက ပေးစွမ်းနိုင်တယ်။ **ဝိမောက္ခ** လို့ဆိုတဲ့ ကိလေသာတွေက လွတ်မြောက်စေတတ်တဲ့ မဂ်တရား၊ ဖိုလ်တရား အဆင့်မြင့်တာတွေ ရချင်လို့ရှိရင်လည်း ဒါက ပေးနိုင်တယ်။

ဒါတင်မကဘူး၊ ဘုရားတစ်ဆူရဲ့ လက်ထက်မှာ အဂ္ဂသာဝကတို့ မဟာသာဝကတို့ဆိုတဲ့ အဆင့်အတန်းမြင့်တဲ့ တပည့်သာဝကအဖြစ်နဲ့ ကျွတ်တမ်းဝင်ချင်တယ်ဆိုရင်လည်း ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကဿပ၊ ရှင်အာနန္ဒာတို့လို ဖြစ်ချင်တယ်ဆိုရင်

အဲဒီ သာဝကတွေရနိုင်တဲ့ ပါရမီကုသိုလ်ထူးကိုလည်း ဖြစ်အောင် ဖန်တီးပေးနိုင်တယ်။

အေး၊ သာဝကအဖြစ်နဲ့ နိဗ္ဗာန်မစံချင်ဘူး။ ကိုယ်တိုင် သစ္စာလေးပါးတရား ထိုးထွင်းသိတဲ့ ပစ္စေက ဗုဒ္ဓ အနေနဲ့ နိဗ္ဗာန်ယူချင်တယ်ဆိုရင်လည်းပဲ ဟောဒီ ကုသိုလ်က ပေးနိုင်တယ်။ နောက်ဆုံး ကိုယ်တိုင် ဘုရား ဖြစ်ချင်တယ် ဆိုရင်တောင်မှပဲ ဒီကုသိုလ်ကပေးတယ်။

ဒီကုသိုလ်နဲ့ပဲ ရတယ်လို့ ပြောတယ်။ ဒီကုသိုလ် တွေရဲ့ စွမ်းဆောင်မှုက ဘယ်လောက် ကြီးမားတယ် ဆိုတာ မြတ်စွာဘုရားက ဟောတာ။ ကိုယ့်ရဲ့ ရည်ရွယ်ချက်အတိုင်းဖြစ်တယ်။ နောက်ဆုံး ဘုရား အဖြစ်ထိအောင် ဖြစ်တယ်။

အေး၊ ဒါကြောင့်မို့ နိဂုံးချုပ်အနေနဲ့ မြတ်စွာဘုရား က နိဓိကဏ္ဍသုတ်မှာ ဘယ်လိုဟောထားတုန်းဆိုတော့ "ယခုလို ကုသိုလ်ကောင်းမှုတွေ လုပ်တာဟာ တကယ့် ကို ကြီးမားတဲ့ အကျိုးရှိတယ်။ ဒါကြောင့်မို့ ပညာရှိ

သူတော်ကောင်းတွေဟာ ကုသိုလ်ကောင်းမှုကို အလေးထားပြီး ချီးမွမ်းကြတယ်”။

ဒါကို တကယ်တန်ဖိုးထားတယ်။ ဘာဖြစ်လို့ တန်ဖိုးထားတုန်းဆို သိလို့ တန်ဖိုးထားတာဖြစ်တယ်။

ဒီကနေ့ မွေးနေ့မင်္ဂလာ သိက္ခာပဒပူဇာမင်္ဂလာ ဆည်းပူးအားထုတ်တဲ့နေရာမှာ ကုသိုလ်ရကြတယ်။ ကိုယ်တိုင် ရင်းနှီးမြှုပ်နှံကြတာတွေချည်းပဲ။ အကုန်လုံး ကိုယ့်အတိုင်းအတာအရ ရင်းနှီးမြှုပ်နှံကြတာ။ အားလုံး ဒီကနေ့ ကုသိုလ်ရကြတယ်။ ဝေယျာဝစ္စဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေ ကုသိုလ်ရတယ်၊ သန့်ရှင်းရေးလုပ်တဲ့ ပုဂ္ဂိုလ်တွေလည်း ရင်းနှီးမြှုပ်နှံမှုပြုတာပဲ။ ပန်းဆင်တဲ့ ပုဂ္ဂိုလ်တွေလည်း ရင်းနှီးမြှုပ်နှံတာပဲ။ သိမ်ဆင်းလောင်းတဲ့ ပုဂ္ဂိုလ်တွေလည်း ရင်းနှီးမြှုပ်နှံတာပဲ။ အားလုံး ကိုယ့်အတိုင်းအတာနဲ့ကိုယ် ကုသိုလ်ကောင်းမှုလုပ်ကြတာဟာ အားလုံးရဲ့ ရင်းနှီးမြှုပ်နှံမှုတွေပဲ။ ကိုယ်ပိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို အသီးသီး လုပ်ဆောင်ကြတာဖြစ်တယ်။ အားလုံး ကုသိုလ်ရတဲ့ပွဲပဲ။

သာမန်ကြည့်မယ်ဆိုရင်တော့ ဒီကနေ့ဟာ ဆရာတော်ရဲ့ မွေးနေ့ပဲ၊ မွေးနေ့အမှတ်တရလုပ်တဲ့ ပွဲကိုလ်ပဲရတယ်လို့ ဒီလိုထင်ရတယ်။ တကယ်တော့ မဟုတ်ဘူး။ ကိုယ်လုပ်တဲ့ ကုသိုလ်တွေဟာ ဘာပဲ လုပ်လုပ်၊ လုပ်သမျှကုသိုလ်တွေဟာ ကိုယ်နဲ့သာဆိုင်ပြီး ကိုယ်ရကြတာ။ ဒီကနေ့ အားလုံး ကုသိုလ်ရတဲ့နေ့ပဲ၊ အားလုံးဟာ မိမိတို့ ရင်ထဲနှလုံးထဲမှာ ကုသိုလ်တွေ ရင်းနှီးမြှုပ်နှံလို့ အားလုံး အကျိုးအမြတ်တွေ ရတယ်လို့ ဒီလိုမှတ်ရမှာ ဖြစ်ပါတယ်။

**ဧဝံ မဟတ္ထိကာ ဧသာ၊ ယဒိဒံ ပုညသမ္ပဒါ။**

**တသ္မာ ဓီရာ ပသံသန္တိ၊ ပဏ္ဍိတာ ကတပုညတံ။**

**ယဒိဒံ ပုညသမ္ပဒါ–** အကြင် ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံခြင်းသည်။ **အတ္ထိ–**စင်စစ်မသွေရှိပါပေတော့၏။ **ဧသာ ပုညသမ္ပဒါ–** ဤကုသိုလ်ကောင်းမှုနှင့် ပြည့်စုံခြင်းသည်။ **ဧဝံ မဟတ္ထိကာ–** ဤမျှလောက် အကျိုးကျေးဇူးတွေ များလှပါပေတော့၏။ **တသ္မာ–** ထို့ကြောင့်။ **ဓီရာ–** ပညာဖြင့် မိမိ၏ ကောင်းကျိုးချမ်းသာကို ရယူတတ်ကြ

ကုန်သော။ **ပဏ္ဍိတာ**–ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ **ကတပုညတံ**– ပြုအပ်ပြီး သော ကောင်းမှုရှိသူရဲ့ ဖြစ်ကြောင်း ကုသိုလ်ကောင်းမှု မှန်သမျှကို။ **ပသံသန္တိ**– ချီးမွမ်းကြပါပေကုန်သည်ဟူ၍။ **ဘဂဝါ**–ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ **အဝေါစ**– ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေ သတည်း။

**သာဓု ... သာဓု ... သာဓု**

## နိမိကဏ္ဍသုတ္တ

❖ ❖ ❖

၁။ နိမိ နိမေတိ ပုရိသော၊ ဂမ္ဘီရေ သြဒကန္တိကေ။
အတ္တေ ကိစ္စေ သမုပ္ပန္နေ၊ အတ္တာယ မေ ဘဝိဿတိ။

၂။ ရာဇတော ဝါ ဒုရုတ္တဿ၊ စောရတော ပီဠိတဿ ဝါ။
ဣဏဿ ဝါ ပမောက္ခာယ၊ ဒုဗ္ဘိက္ခေ အာပဒါသု ဝါ။
ဧတဒတ္ထာယ လောကသ္မိံ၊ နိမိ နာမ နိဓီယတိ။

၃။ တာဝ’သုနိဟိတော သန္တော၊ ဂမ္ဘီရေ သြဒကန္တိကေ။
န သဗ္ဗော သဗ္ဗဒါ ဧဝ၊ တဿ တံ ဥပကပ္ပတိ။

၄။ နိမိ ဝါ ဌာနာ စဝတိ၊ သညာ ဝါဿ ဝိမုယှတိ။
နာဂါ ဝါ အပနာမေန္တိ၊ ယက္ခာ ဝါပိ ဟရန္တိနံ။

၅။ အပ္ပိယာ ဝါပိ ဒါယာဒါ၊ ဥဒ္ဓရန္တိ၊ အပဿတော။
ယဒါ ပုညက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ။

၆။ ယသ္သ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။

၇။ စေတိယမှိ စ သံဃေ ဝါ၊ ပုဂ္ဂလေ အတိထီသု ဝါ။
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။

၈။ ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

၉။ အသာဓာရဏ မညေသံ၊ အစောရာဟရဏော နိဓိ။
ကယိရာထ ဓီရော ပုညာနိ၊ ယော နိဓိ အနုဂါမိကော။

၁၀။ ဧသ ဒေဝ မနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံ ယဒေဝါဘိပတ္ထေတိ၊ သဗ္ဗ မေတေန လဗ္ဘတိ။

၁၁။ သုဝဏ္ဏတာ သုသရတာ၊ သုသဏ္ဌာနာ သုရူပတာ။
အာဓိပစ္စပရိဝါရာ၊ သဗ္ဗမေတေန လဗ္ဘတိ။

၁၂။ ပဒေသရဇ္ဇံ ဣဿရိယံ၊ စက္ကဝတ္တိသုခံ ပိယံ။
ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊ သဗ္ဗမေတေန လဗ္ဘတိ။

၁၃။ မာနုဿိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာန သမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

၁၄။ မိတ္တသမ္ပဒမာဂမ္မ၊ ယောနိသော ပယုဉ္ဇတော။
ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ၊ သဗ္ဗမေတေန လဗ္ဘတိ။

၁၅။ ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတိ။

၁၆။ ဧဝံ မဟတ္ထိကာ ဧသာ၊ ယဒိဒံ ပုညသမ္ပဒါ။
တသ္မာ ဓီရာ ပသံသန္တိ၊ ပဏ္ဍိတာ ကတပုညတံ။

နိဓိကဏ္ဍသုတ္တံ နိဋ္ဌိတံ

# နိဓိကဏ္ဍသုတ် မြန်မာပြန်

❖ ❖ ❖

၁။ ယောကျ်ားသည် အကျိုးစီးပွားနှင့်စပ်သော ကိစ္စ ဖြစ်လတ်သော် ငါ၏အကျိုးငှါ ဖြစ်လိမ့်မည်ဟု နှလုံးပြု၍ ရေသို့ရောက်လောက်အောင် နက်သောအရပ်၌ ရွှေအိုးကို မြှုပ်နှံထားရာ၏။

၂။ ရာဇဝတ်ပြစ်မှုဖြင့် စွပ်စွဲခံရသော ငါ့အား မင်းဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ ခိုးသူတို့ နှိပ်စက်ခံရသောငါ့အား ခိုးသူဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည် ဟူ၍လည်းကောင်း၊ ကြွေးမြီတင်သော ငါ့အား ကြွေးမြီမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ ငတ်မွတ် ခေါင်းပါးသောအခါ၌ မျှတရန် ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း၊ မီး,ရေစသော ဘေးရန်တို့ဖြစ်ပေါ် လတ်သော် ငါ့အား သုံးစွဲရန် ဖြစ်လိမ့်မည်ဟူ၍ လည်းကောင်း နှလုံးသွင်း၍ ဤအကျိုးပြီးခြင်းငှါ လောက၌ ရွှေအိုးမည်သည်ကို မြှုပ်နှံထားရာ၏။

၃။ ရေသို့ ရောက်လောက်အောင် နက်သော မြေ၌ ကောင်းစွာ မြှုပ်ထားအပ်သည် ဖြစ်သော်လည်း အလုံးစုံသော ဥစ္စာသည် အခါခပ်သိမ်းပင် ထိုယောက်ျားအား မပြည့်စုံ။

၄။ ရွှေအိုးသည် မြှုပ်ထားရာအရပ်မှမူလည်း ရွေ့လျားတတ်၏။ ထိုဥစ္စာရှင်၏ အမှတ်သည်လည်း မေ့လျော့တတ်၏၊ နဂါးတို့သည်လည်း နေရာပြောင်းထားတတ်ကုန်၏။ ဘီလူးတို့သည်လည်း ထိုရွှေအိုးကို ဆောင်ယူတတ်ကုန်၏။

၅။ မချစ်အပ်ကုန်သော အမွေခံတို့သည်မူလည်း (ဥစ္စာရှင်) မမြင်စဉ် တူးဖော်ထုတ်ဆောင်တတ်ကုန်၏။ ကုသိုလ်ကံ ကုန်သောအခါ၌မူလည်း ထိုဥစ္စာအလုံးစုံသည် ပျောက်ပျက်တတ်၏။

၆။ မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ အကြင် တစ်စုံတစ်ယောက်သောသူသည် အလှူပေးခြင်းဖြင့် လည်းကောင်း၊ သီလဆောက်တည်ခြင်းဖြင့် လည်းကောင်း၊ ကိုယ်,နှုတ်,နှလုံး စောင့်စည်းခြင်းဖြင့် လည်းကောင်း၊

ဣန္ဒြေတို့ကို ဆုံးမခြင်းဖြင့် လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာ မြှုပ်ထားအပ်၏။

၇။ စေတီ၌ လည်းကောင်း၊ သံဃာ၌ လည်းကောင်း၊ ပုဂ္ဂိုလ်၌ လည်းကောင်း၊ ဧည့်သည်တို့၌ လည်းကောင်း၊ အမိ၌ လည်းကောင်း၊ အဖ၌လည်းကောင်း၊ ထို့ပြင် အစ်ကိုကြီး အစ်မကြီး၌ လည်းကောင်း ကောင်းမှုတည်းဟူသော ရွှေအိုးကို ကောင်းစွာမြှုပ်ထားအပ်၏။

၈။ ကောင်းစွာမြှုပ်ထားအပ်သော ဤရွှေအိုးသည် (ရန်သူတို့) မအောင်နိုင်သည်ဖြစ်၍ (တမလွန်ဘဝသို့) အစဉ်လိုက်၏၊ (စည်းစိမ်ဥစ္စာတို့ကို) ပယ်စွန့်၍ တမလွန်ဘဝသို့ ပြောင်းသွားရသည်ရှိသော် ထိုကုသိုလ်ရွှေအိုးကို ယူ၍သွားရ၏။

၉။ (ကုသိုလ်)ရွှေအိုးသည် သူတစ်ပါးတို့နှင့် မဆက်ဆံ၊ ခိုးသူတို့ မခိုးယူနိုင်၊ ပညာရှိသည် ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏။ (ကုသိုလ်) ရွှေအိုးသည် (တမလွန်ဘဝသို့) အစဉ်လိုက်၏။

၁၀။ ဤ (ကုသိုလ်) ရွှေအိုးသည် နတ်လူတို့၏ အလို ဟူသမျှကိုပေး၏။ အကြင် အကြင် ချမ်းသာကို တောင့်တကုန်၏။ ထိုတောင့်တရာရာ ချမ်းသာအားလုံး ကိုပင် ထိုကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၁။ အရေအဆင်းကောင်းသည့်အဖြစ်၊ အသံကောင်း သည့်အဖြစ်၊ အသွင်သဏ္ဌာန် ကောင်းသည့်အဖြစ်၊ ရုပ်အဆင်း လှပသည့်အဖြစ်၊ အစိုးရသည့်အဖြစ်၊ အခြွေ အရံများသည့်အဖြစ် ဟူသော အကျိုးအားလုံးကို ထို ကုသိုလ်ရွှေအိုးကြောင့် ရနိုင်၏။

၁၂။ ပဒေသရာဇ်မင်းအဖြစ်ကို လည်းကောင်း၊ အစိုးရ သော ဧကရာဇ်မင်းအဖြစ်ကို လည်းကောင်း၊ နှစ်သက် မြတ်နိုးအပ်သော စကြဝတေးမင်း ချမ်းသာကို လည်း ကောင်း၊ နတ်ပြည်တို့၌ နတ်မင်းအဖြစ်ကိုလည်းကောင်း ဤအကျိုးအားလုံးကို ထို ကုသိုလ်ရွှေအိုးကြောင့် ရနိုင် ၏။

၁၃။ လူ့ပြည်ရှိ စည်းစိမ်ဥစ္စာကိုလည်းကောင်း၊ နတ်ပြည် ၌ မွေ့လျော်ဖွယ်ကို လည်းကောင်း၊ နိဗ္ဗာန်ချမ်းသာကို

လည်းကောင်း အကျိုးအားလုံးကို ထိုကုသိုလ် ရွေအိုးကြောင့် ရနိုင်၏။

၁၄။ မိတ်ဆွေကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သော အကြောင်းအားဖြင့် အားထုတ်သောသူအား အရဟတ္တမဂ် အရဟတ္တဖိုလ်ပညာတို့၌ လေ့လာခြင်းရှိသောသူအဖြစ်တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ် ရွေအိုးကြောင့် ရနိုင်၏။

၁၅။ ပဋိသမ္ဘိဒါလေးပါး ဝိမောက္ခ (ရှစ်ပါး) သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် တည်းဟူသော အကျိုးအားလုံးကို ထိုကုသိုလ်ရွေအိုးကြောင့် ရနိုင်၏။

၁၆။ အကြင် ကုသိုလ်ပြည့်စုံခြင်းသည်ရှိ၏။ ထိုကုသိုလ်ပြည့်စုံခြင်းသည် ဤသို့ များသောအကျိုးရှိ၏။ ထို့ကြောင့် တည်ကြည်သော ပညာရှိတို့သည် ပြုပြီးသော ကုသိုလ်ကောင်းမှုရှိသည့် အဖြစ်ကို ချီးမွမ်းကြကုန်၏ဟု (မိန့်တော်မူ၏)။

**နိဓိကဏ္ဍသုတ် မြန်မာပြန် ပြီး၏။**

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ဟောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်

၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်

၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)

၄၅။ တရားသိလျက် အကျင့်ခက်

၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ

၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်

၄၉။ ရတနသုတ်အံ့နှစ်ချုပ်

၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား

၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝင့်ကြွေးများ

၅၂။ အထင်များ အမြင်များ

၅၃။ ဓာတုဝိဘင်္ဂသုတ် အနှံစ်ချုပ်

၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး

၅၅။ နန္ဒီ ဒုက္ခဿ မူလံ

၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း

၅၇။ အားပေးစကား

၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်

၅၉။ ဘောသဇ္ဇဂုရု

၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ

၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ

၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ

၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ

၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း

၆၆။ တရားထူးရနိုင်သူ

၆၇။ ကျေးဇူးသိခြင်း

၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်

၆၉။ ကာလာမသုတ် အနှစ်ချုပ်

၇၀။ ခုခံစွမ်းအား

၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်

၇၂။ အခွင့်ကောင်းကို ရအောင်ယူ

၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း

၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ

၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်

၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ

၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း

၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ

၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်

၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား

၈၁။ နိယျာနိကသာသနာ

၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်

၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း

ဓမ္မဒါနကုသိုလ်ရှင်

နုတ်လှူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၁၈၄၁၉၁